# ၁၉၅၈ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၁၉ အစား၊ အောက်ပါကို ပုဒ်မ ၁၉ အဖြစ်ထည့်သွင်းရမည်။

"၁၉။ ။(၁) အဖွဲ့သည်၊ နိုင်ငံတော်သမတ ကဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက် အဖွဲ့၏ငွေစာရင်းရှင်းတမ်းအပြင် အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကို နိုင်ငံတော်သမတ ထံ ပေးပို့ရမည်။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ငွေစာရင်းများကို၊ နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ် စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်ထားသော မှတ်ပုံတင်စာရင်းစစ်များအား၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တပြိုင်နက်၊ အဖွဲ့သည်၊ နိုင်ငံတော်သမတ ထံသို့ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာမိတ္တူတစောင်နှင့် တကွတင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့်အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီကို၊ အဖွဲ့၏ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက်ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျ အမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည် ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်ကတင်ပြရမည့် အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။"

အကိုး—၁၀ ပြား]

၂၂မြ၊ဗ၊၈၊ အမှတ် ၆၄၊ တရားရေးဝန်ကြီးဌာန၊ ၀၆-၁-၅၉—၂,၀၀၀—၂။